## ‘ဗွီအိုအေ’ ‘ဗကပ’ အမေးအဖြေနဲ့ပတ်သက်ပြီး
## ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်
## (၃/၂၀၀၆)
## (၂၀၀၆ ခုနှစ် မတ်လ ၈ ရက်)

အမေရိကန်နိုင်ငံ ဒုနိုင်ငံခြားရေးဝန်ကြီး ခရစ္စတိုဖာဟီးလ်က ဗမာပြည်ကိစ္စပြောတာဆိုတာနဲ့ ပတ်သက်ပြီး ဗကပ ပြောရေးဆိုခွင့်ရှိသူကို ဗီအိုအေအသံလွှင့်ဌာနက အင်တာဗျူးလုပ်တာမှာ အချိန်အကန့်အသတ်ရှိလို့ မပြောလိုက်ရတာလေးတွေ ထပ်ဖြည့်ပြောလိုပါတယ်။

အမေရိကန်အစိုးရအနေနဲ့ ဗမာပြည်က စစ်အစိုးရကို ဆက်သွယ်ဖို့ စကားပြောဖို့လုပ်တာ ဒါပထမအကြိမ်မဟုတ်ပါဘူး။ ခရစ္စတိုဖာဟီးလ်ရဲ့အရင်က သူ့နေရာမှာလုပ်သွားတဲ့ မက်သယူးဒေလီလည်း ဗိုလ်ခင်ညွန့်ကို ဆက်သွယ်ခဲ့ပါတယ်။ ဒေါက်တာဇာနည်က တဆင့်ပါ။ အဲဒီတုန်းက ဗိုလ်ခင်ညွန့်က ဗမာပြည်အရေးကို လူဟောင်းကြီးတွေနဲ့ လွှဲထားလို့မရဘူး၊ သူတို့စစ်ဗိုလ်တွေရယ်၊ ကိုဇာနည်တို့လို လူသစ်တွေရယ်လုပ်မှဖြစ်မယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ဝေ့လည်ကြောင်ပတ်ပြောသွားပါတယ်။ ဒီအယူအဆဟာ ဗိုလ်ခင်ညွန့်တဦးတည်းရဲ့ အယူအဆမဟုတ်ပါဘူး။ စစ်အုပ်စုတခုလုံးကို ကိုယ်စားပြုတာပါ။ ဒါပေမဲ့ အဲဒီတုန်းက ဗိုလ်ခင်ညွန့်ပြောလိုက်ပုံဟာ ဗိုလ်သန်းရွှေကိုပါ ဘာလိုလိုအဓိပ္ပာယ်ထွက်နေတော့ အဲဒီကတည်းက သူတို့အကြားမှာ ပြဿနာရှိနေပြီလို့ ခန့်မှန်းနိုင်ခဲ့ပါတယ်။

တကယ်က အမေရိကန်ဟာ အတွက်လွဲတာပါ။ ဗိုလ်ခင်ညွန့်မှာ တပ်မရှိပါဘူး။ တပ်ရှိတဲ့လူမှာသာ တကယ်အာဏာရှိတာပါ။ သူတို့ချဉ်းကပ်မယ်ဆိုရင် တပ်ကိုကိုင်ထားတဲ့ စစ်ဗိုလ်ချုပ်ကို ချဉ်းကပ်တာဖြစ်သင့်ပါတယ်။ ဒါဆိုရင် ဒေါက်တာဇာနည်လိုလူနဲ့တော့ ဖြစ်ချင်မှ ဖြစ်မှာပါ။